# တရားမဝင်အလုပ်သမားများကို ဩဂုတ်လမှ စတင်၍ ဖမ်းဆီးတော့မည်

NEJ / ၂၀ ဇူလိုင် ၂၀၀၄ / ၁၁း၀၀



အမည်စာရင်းလာရောက်တင်သွင်းပေးနေသည့် ထိုင်းအလုပ်ရှင်တဦး

Photo : NEJ

အလုပ်သမားမှတ်ပုံတင် ထုတ်ပေးရေးအစီအစဉ် ပြီးဆုံးမည့် ဇူလိုင် (၃၁) ရက်နောက်ပိုင်းမှစ၍ တရားမဝင် အလုပ်သမားများအား ထိုင်းရဲများက နိုင်ငံနှင့်အဝန်း အဖမ်းအဆီးများ ပြုလုပ်သွားမည်ဟု ရဲမှူးချုပ် ဖုန်ဆခ်၏ ပြောပြချက်ကို ကိုးကားပြီး ထိုင်းသတင်းအေဂျင်စီက ဖော်ပြသည်။

ယခုအချိန်တွင် ထိုင်းအစိုးရက တရားမဝင် အလုပ်သမားများအား ဖမ်းဆီးမှုများ မပြုလုပ်ဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားပြီး တရားဝင်မှတ်ပုံတင်နိုင်ရေး အစီအစဉ်များ အခမဲ့ ပြုလုပ်ပေးနေချိန်ဖြစ်သည်။ သို့သော်လည်း မြန်မာအလုပ်သမားများ ငှားရမ်းနေထိုင်သည့် ထိုင်းအိမ်ရှင်များက လိုက်ပါဆောင်ရွက်လိုခြင်းမရှိသည့်အတွက် မှတ်ပုံတင်ရရှိရေး ကြိုးပမ်းနေသော မြန်မာအလုပ်သမားများ တရားဝင်နေထိုင်ခွင့်ရရေး အခက်ကြုံနေရသည်။

အလုပ်သမား မှတ်ပုံတင်ပြုလုပ်ရန် ယခုနှစ် သတ်မှတ်ထားသည့် စည်းကမ်းချက်များတွင် ပထမအဆင့်အနေဖြင့် အလုပ်သမားများသည် လက်ရှိငှားရမ်းနေထိုင်သည့် အိမ်ရှင်၏အမည်နှင့် နေထိုင်သူများစာရင်းပါ ပူးတွဲ၍ အမည်စာရင်းတင်သွင်းရမည်။ ထို့နောက် ဒုတိယအဆင့်အနေဖြင့် အလုပ်လုပ်ခွင့်လက်မှတ်ကို အလုပ်ရှင်နှင့်အတူ ဆက်လက်လျှောက်ယူရမည်ဟု ဖော်ပြပါရှိပါသည်။

ဘန်ကောက်မြို့မှ အလုပ်သမားတဦးဖြစ်သူ မသီသီနိုင်က "ကျမအလုပ်ရှင်က အလုပ်ပဲခန့်တာ၊ နေစရာစီစဉ်မပေးနိုင်တော့ အပြင်မှာ ငှားနေရတယ်။ ဒီနှစ် အလုပ်သမားဥပဒေက အိမ်ရှင်ကို အမည်စာရင်းတင်ခိုင်းတော့ အိမ်ရှင်တွေက မနေချင်လည်း တခြားပြောင်းနေကြ၊ အလုပ်ရှုပ်ခံပြီး လိုက်လုပ်မပေးနိုင်ဘူးလို့ပြောတယ်" ဟုပြောပြသည်။

ဘန်ကောက်အနီး ကလောင်တေစီယက်အရပ်မှ စက်ချုပ်အလုပ်သမားတဦးဖြစ်သူ မသီတာမော်က "ကျမတို့အပေါ့မင့် (နေအိမ်တိုက်ခန်း) မှာ ထိုင်းလူမျိုးတွေနဲ့အတူ မြန်မာ (၂၄) ယောက် ငှားနေကြတယ်။ အိမ်ရှင်က အကြောင်းရှိမှလာတယ်။ ဒီတော့ ရုံးကပေးလိုက်တဲ့စာရွက်ကို အပေါ့မင့် မန်နေဂျာကိုသွားပြတော့ သူလည်းမတတ်နိုင်ဘူးပြောနေလို့ မြန်မာတယောက် ဘတ်တထောင်နှုန်းနဲ့ ဘတ်နှစ်သောင်းလေးထောင် ထိုင်းတယောက်ကိုပေး အိမ်ရှင်အလုပ်ခိုင်းပြီး ကျမတို့ အမည်စာရင်းတင်ထားတယ်" ဟု ပြောပြသည်။

၎င်းကဆက်လက်၍ ထိုင်းတယောက်ကိုငှားပြီး အိမ်ရှင်အတုအလုပ်ခိုင်းရကြောင်း၊ အချို့မှာ သေချာစိတ်ချရစေရန် ထိုင်းရဲများ၏ ဇနီးများကို အိမ်ရှင်အတုအဖြစ် ငှားပြီးအလုပ်ခိုင်းကြကြောင်းလည်း ပြောပြသည်။ အလားတူ ဘန်ကောက်မြို့တွင်သာမက ရနောင်း၊ ကျုံဖော် စသော ထိုင်းနိုင်ငံတောင်ပိုင်းဒေသများရှိ မြန်မာအလုပ်သမားများလည်း ထိုကဲ့သို့ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ နေအိမ်နှင့်အလုပ် တပါတည်းအာမခံ ဆောင်ရွက်ပေးသည့် အလုပ်ရှင်ထံတွင် အလုပ်လုပ်ကိုင်ခွင့်ရသော အလုပ်သမားများအနေနှင့် ထိုအခက်အခဲနှင့် ရင်ဆိုင်ရခြင်းမရှိပေ။

လက်ရှိအခြေအနေတွင် ဘန်ကောက်ရှိ မြန်မာအလုပ်သမားများသည် အလုပ်သမားမှတ်ပုံတင်ကြေး (၃,၈၀၀) အပါအဝင် ပွဲစားခအဖြစ် ဘတ်ငွေ (၆,၀၀၀) မှ (၁၀,၀၀၀) အထိယူသော အလုပ်သမားမှတ်ပုံတင် အမည်စာရင်း တင်သွင်းနိုင်ရေး လုပ်ဆောင်ပေးနေသည့် ထိုင်းလူမျိုး ပွဲစားများနှင့် အမည်စာရင်း တင်သွင်းနေရသည်။

ထိုသို့ အလုပ်သမားများ ပွဲစားနှင့်ပေါင်း၍ အလုပ်သမားမှတ်ပုံတင်ရရှိရေး ကြိုးပမ်းနေမှုအပေါ် "ဒီလိုလုပ်တာ လောလောဆယ်ကိစ္စ ပြေလည်သွားပေမယ့် ကောင်းတဲ့အလားအလာမဟုတ်ဘူး။ နောင်ဆိုရင် အလုပ်သမားတွေရဲ့ ဟာကွက် ပျော့ကွက်တွေကို အပိုင်ကိုင်ပြီး အလုပ်သမားမှတ်ပုံတင်ရုံးက ဝန်ထမ်းတွေက နိုင်ငံခြားသားအလုပ်သမားတွေဆီက ငွေညှစ်တာတွေ လုပ်လာနိုင်တယ်" ဟု ကရင်ရွှေ့ပြောင်းအလုပ်သမားများသမဂ္ဂမှ အတွင်းရေးမှူး စောဟန်ညွန့်က ပြောသည်။

အမည်စာရင်းတင်သွင်းရန် ပျက်ကွက်သော ထိုင်းအလုပ်ရှင်များနှင့် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား အလုပ်သမားများအား ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်းလည်း ဇူလိုင် (၁၈) ရက်နေ့က ထိုင်းရဲဌာနချုပ်မှ သတိပေးထုတ်ပြန်ထားပြီး ပျက်ကွက်သူများအား ထောင်ဒဏ် (၃) နှစ်ချမှတ်၍ မှတ်ပုံတင်မထားသူများအား လက်ခံထားသော ထိုင်းအိမ်ရှင်များသည်လည်း ထောင်ဒဏ်နှင့် ဒဏ်ငွေ (၁) သိန်း ပေးဆောင်ရမည်ဖြစ်သည်။

ဇူလိုင်လဆန်းပိုင်းမှ စတင်သည့် အလုပ်သမားမှတ်ပုံတင်ထုတ်ပေးရေး အစီအစဉ်အတွင်း နိုင်ငံခြားသားအလုပ်သမား (၁) သိန်းကျော် ဘန်ကောက်တွင် လာရောက်မှတ်ပုံတင်ကြသည်။ ■